29.5.2005,(2:00pm)8

မယ်ဉတ္တရာကို နန်းတော်ကို ခေါ်သွားပြီ ဘုရင်ကြီးက။ နန်းတော် ရောက်တဲ့အခါ သူဌေး ဘွဲ့ ပေးတော့တာ ဗျ။ စဉ်းစားဖို့ မကောင်းလား။ ရွှေတွေက မရဘူးလား၊ သူဌေးဘွဲ့ ကား မရလား။ သူဌေး ဘွဲ့ရတာ သီလကုသိုလ် ၊ ရွှေရတာက ဒါနကုသိုလ်။ ဒါနရဲ့ အကျိုး အပြစ်ကို သိစေချင်တယ်၊ သီလရဲ့ အကျိုး အပြစ်ကို သိစေချင်တယ်။ အဲသလောက်ထိ အဖိုးတန်တယ် ကြားလား။ စဉ်းစားဖို့ မကောင်းလား။

ကမ္မံ ဝိပါကဿ။ အတိတ်က သူတို့ ပြုခဲ့တဲ့ အကုသိုလ်ကံက မီတော့ကာ ဆယ့်ငါး နှစ်လောက်တော့ အဆင်းရဲခံ လိုက်ရတယ်နော်။ ဆင်းရဲပြားသော်လည်းပဲ ကဲ ဒီလောက်တောင် ငါ ဆင်းရဲလှတယ် တံငါမုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်သေးရဲ့လား။ သူခိုး တောက်ပြား လုပ်စားမယ်လို့ ဖောက်ပြန် သေးရဲ့လား။ အဲဒါ ကံ ကံရဲ့အကျိုးကို ယုံကြည်တာ မဟုတ်လား။ အဲဒီလို ယုံကြည်တော့ အသစ် အကုသိုလ် ဖြစ်သေးရဲ့လား။ ကြွေးဟောင်း မကျေလား။ ကြွေးသစ် တင်သေးရဲ့လား။ အဲဒီလို လည်း သီလ အကျိုး အပြစ်ကို နားလည်အောင် ဆင်ခြင်သုံးသပ်ကြ။ အဲဒါ ကံကို ယုံကြည်ရမယ်။ ဉာဏ်ကို အားကိုး ရမယ်။

<u>ကာမမျိုး- အပါယ်မျိုး။</u>

ဉာဏ်ဆိုတာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ၊ သမာဓိ မဂ္ဂင်သုံးပါး။ ပေါင်းလိုက်တော့ ရှုဉာဏ်မဂ္ဂင်ငါးပါး။ အမြင်ခံ၊ အရှုခံက ခန္ဓာငါးပါး၊ ရှုဉာဏ်က မဂ္ဂင်ငါးပါး၊ အာရုံ အာရမ္မဏိက ပိုင်းခြားကြည့်တော့ ခန္ဓာငါးပါးကအာရုံတရား။ မဂ္ဂင်ငါးပါးက အာရမ္မဏိက တရား၊ အာရုံ အာရမ္မဏိက မဟောဘူးလားဟဲ့ ။ အဲဒါကို အားကိုးရမယ်။ ကြားလား။ အဲဒီတော့ သက္ကာယဒိဋ္ဌိဖြုတ်ဖို့ လိုတာ။စိစစ်ဖို့ မကောင်းလား။ တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါ။ ဒိဋ္ဌိငါပြုတ်ဖို့ အရေးကြီးတယ်။ သောတာပန် ဝိသာခါ ကျောင်းအစ်မတို့၊ အနာထပိဏ် သူဌေးတို့၊ ဗိမ္ဗိသာရ မင်းကြီးတို့ သက္ကသိကြားတို့ ဒိဋ္ဌိငါပြုတ်တာကွဲ့ ကြားလား။ အဲဒါဒိဋ္ဌိငါပြုတ်တော့ အပါယ်တံခါး ပိတ်မသွားဘူးလား ဟေ့။ အေး တဏှာငါ မာနငါ ကျန်သေးတယ်နော်။ ဒိဋ္ဌိနဲ့ယှဉ်တဲ့ တဏှာက အပါယ်ကျတာ။ ဒိဋ္ဌိနဲ့ မယှဉ်တာ ကာမမျိုး၊ ဒိဋ္ဌိက အပါယ်မျိုး။ အဲဒီလို ပိုင်းခြားသိ ကြားရဲ့လား။ အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား။

<u>တစ်ရာနှင့် တစ်ရက်။</u>

လက်တွေ့ မျက်တွေ့ လိုတယ်။

ယောစဝဿသတံဇီဝေ၊အပဿံ ဉဒယဗ္ဗယံ၊

ဧကာဟံဇီဝိတံသေယျော၊ပဿတောဉဒယဗ္ဗယံ ။ (ဓမ္မပဒ-၃၀။အပ-၂-၂၄၆။)

29.5.2005,(2:00pm)9

ယောဇ- ရဟန်း ရှင်လူ မည်သူ မဆို အကြင်ပုဂ္ဂိုလ်တို့သည်။ ဥဒယဗ္ဗယံ-ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ /အပဿန္တော- မရှု မမြင်၊ မဆင်မခြင်သော ပုဂ္ဂိုလ် သည်။ ဝဿသတံ-အနှစ်တစ်ရာ ကာလပတ်လုံး။ ဇီဝေ-အသက်ရှည် ငြားအံ့။ နသေယျော-မမြတ်။ အသက် တစ်ရာ မဟုတ်ဘူး။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ကြာရင်လည်း သင်္ခါယဒိဋ္ဌိ မပြုတ်လျှင် အကျိုး ရှိပါ့မလား။ ရှစ်သောင်းလေးထောင် ကြာရကျိုးနပ်ကဲ့လား။ သက္ကာယဒိဋ္ဌိ မပြုတ်ရင်... ဖြပဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်း မှာ တရှုံ့ရှုံ့ လို့ မပြောဘူးလား။

ဥဒယဗ္ဗယံ- ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော-ရှုမြင်သော ပုဂ္ဂိုလ် သည်။ ဧကာဟံ-တစ်ရက် တစ်နာရီ တစ်ဗီဇနာမျှ။ ဇီဝေ- အသက်ရှင်ငြားအံ၊ သေယျော-မြတ်တယ် လို့ မပြောဘူးလား ။ တစ်နာရီ နေရလည်း မြတ်တယ်၊ တစ်မိနစ် နေရလည်း မြတ်တယ်။ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အဓိက။ သက္ကာယ၊ သက္ကာယ ဘယ်တရားတွေလဲ။ စိစစ်ဖို့ မကောင်းလား ။ ခန္ဓာငါးပါးကို သက္ကာယလို့ မပြောဘူးလား ။ အဲဒီ ခန္ဓာသိဖို့ လိုတယ်။ ကြားလား။ ထိထိမိမိ စဉ်းစား ကြ။ အဲဒါလိုရင်း အချက်တွေ။

ကဲ အဖေ မိဘ မွေးတဲ့ မျက်စိနဲ့ကြည့်လိုက်ကြစို့။ ထွေးခံ။ ထွေးခံကို မြင်တယ်လို့ မပြောဘူးလား။ အဲဒီ မျက်စိနဲ့ ကြည့်ရင် ထွေးခံပဲမြင်တယ်။ ဘယ်လိုမှ ဖျောက်လို့ မရဘူး။ တရားနာ ပရိသတ်တွေ ကို ကြည့်တော့ ဟော လူတွေမြင်တယ်၊ တရားနာ ပရိသတ် အမျိုးသမီး၊ အမျိုးသားတွေ မြင်တယ်။ ကဲ ဖျောက်လို့ မရ။ ဘုရား ပေးတဲ့ ဝိဇ္ဇာ မျက်မှန် တပ်ကြည့်တော့ကာ အဆင်း တဲ့ကွဲ့ ကြားလား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ အဓိပ္ပာယ် ပေါ်အောင် သက္ကာယဒိဋ္ဌိ ဖြုတ်တဲ့နေရာ ဥပမာ လိုတယ်ကွဲ့ နော်။

<u>အိမ်စွဲ ဒိဋ္ဌိဖြုတ်။</u>

မကြားစဖူး ကြားဖူးထပ်မံ။ လူတစ်ယောက်က မိုးကုတ် ကျောက်တွင်း သွားတာ နှစ်ပေါင်း နှစ်ဆယ် ကြာပြီ ။ ကျောက်က ပွင့်လာခဲ့တာ။ တော်တော်လေး တန်ဖိုးများများ ပွင့်လာခဲ့တယ်။ သူ့အိမ်က လည်း သူ့မြို့မှာ လမ်းဆုံလမ်းမ လမ်းလေးခွမှာ ဆောက်ထားတာ။ အိမ်က ပျဉ်ထောင်အိမ် နှစ်ထပ်။ ကွက်ကွက် ရက်ရက် ကြည့်လို့ အလွန်ကောင်း။အချိုးကျ ရောင်းရမလား မရောင်းရ ဘူးလား။ ငါကလည်း ပိုက်ဆံက ကျောက်ပွင့်ထားတော့ အများကြီး ရှိတယ်။ ဒါရောင်းတာနဲ့ မိမိက သိပ်ပြီးတော့ ခရီးမရောက်ဘူး။ ဘုန်းကြီးကျောင်းကို လှူမယ် စိတ်ကူး မထည့်ဘူးလား။ ထည့် တယ်။

ကဲ စိတ်ထဲ ဉာဏ်ထဲက အဲဒီအိမ်ကို အပေါ်က ခေါင်အုပ်တွေကို အကုန်လုံးခွာ။ အောက်ကို အသာချ။ သပ်သပ်ရပ်ရပ် ပုံထား။ အမိုးတွေကိုခွာ။ အကုန်လုံးခွာပြီးပြီ။ သပ်သပ်ရပ်ရပ် ပုံထား။ ပြီးပြီဆိုတဲ့ အခါ မြားတန်းတွေကို ဖြုတ် စုပုံထားလိုက်။ ရနယ်တွေကို ဖြုတ် စုပုံထားလိုက်၊ ခေါင် လျောက်တွေ ၊ ယောက်တွေကို စုပုံထားနဲ့ ထုပ်တွေဖြုတ်။ ကဲ အောက်ကို ကြမ်းတွေ မိမိက တစ်ခါ ခါးပန်းတွေကို ခွာ၊ ကြမ်းတွေ ခွာ၊ ဆင့်တွေနုတ်၊ ပြီးပြီ ကဲ တိုင်။ တိုင်တွေနုတ် အားလုံး စုပုံထား။ အိမ်လား သစ်စုဝါးပုံလား။ တော်တုန်းကတော့ အိမ်လို့ မြင်တာကွဲ့။ ခု အိမ်ကို မြင်တာလား သစ်စု ဝါးပုံကို မြင်တာလား။ သစ်စုဝါးပုံ နော်။ လူတွေ မျက်စိလည်တာကို ရှင်းပေးရတာ။ တော်တုန်းက မဖျက်ဆီးခင်က အိမ်အနေနဲ့ မမြင်ဘူးလား။ အခု အကုန်ဖြုတ်ဖျက်ပြီးတော့ စုပုံထားတော့ အိမ်လား၊ သစ်စုဝါးပုံ လား။ ။ ကဲ ကျောင်းကို ရောက်သွားပြီ။ အရပ်က လှည်းတွေ ငှားမနေနဲ့ ခင်ဗျား ကျုပ်တို့ ကိုယ်တိုင် ကာယကံ ကုသိုလ် ဖြစ်အောင်ကူမယ်။ အဲဒီရပ်ကွက်ကလည်း အဲဒီ ကျောင်းက ဒကာတွေကိုး။ ကျောင်းကို သွားတော့ အရှင်ဘုရား ကျောင်းပဲ ဆောက်ဆောက်၊ ဇရပ်ပဲ ဆောက်ဆောက် လှူတော့တာ။ လှူလိုက်တဲ့အခါကျတော့ ဘုန်းကြီးက အင်း ရဟန်းတွေ သာမဏေတွေ အတွက်ကတော့ နေစရာ ထိုင်စရာ က တော်တော်လေးပြည့်စုံနေပြီ၊ ဉပုသ်နေ့ ကျတော့ ဉပုသ်သည်များတဲ့အခါ နေစရာမရှိဘူး။ ဇရပ်ဆောက်မယ်။ကဲ ပန္နက်ချ တိုင်ထူ။ ဇရပ် နှစ်လုံး ဆောက်တာ တစ်ထပ်ကိုးကွဲ့ဖြစ်ရမှာပေါ့။ အဲဒီအခါ ဇရပ်ကြီးပြီးသွားပြီ။ သစ်စုဝါးပုံလား၊ ဇရပ်လား ။ ရွာမှာနေတုန်းကတော့ အိမ်တဲ့ကွဲ့၊ ကျောင်းကျတော့ ဇရပ်တဲ့ ကြားလား။ စဉ်းစားဖို့ မကောင်းလား။ အဲလို စိစစ်ဖို့ မကောင်းလား။ ဟော ဇရပ်တဲ့နော်။ ကဲ တစ်ခါမျက်စိမှိတ်ပြီးတော့မှ ဇရပ် ထင်လို့ ကိုင်စမ်းကြည့်။ ဇရပ်တွေ့မလား မာတာတွေ့မလား။ အိမ်ထင်လို့ ကိုင်စမ်းကြည့် အိမ် တွေ့မလား မာတာ တွေ့မလား။ သစ်စုဝါးပုံ ထင်လို့ ကိုင်စမ်းကြည့် သစ်စုဝါးပုံ တွေ့မလား မာတာ တွေ့မလား။ မာသဘော၊ မာဓာတ်၊ မာပရမတ်လို့ မဟောဘူးလား။ မာသဘော၊ မာဓာတ်၊ မာပရမတ် နော်။ ကဲ ဖောက်ပြန်ရဲ့လား ဟေ့၊ မဖောက်ပြန်ဘူး။ အဲဒီ မာသဘော မာတစ်လုံးပေါ်မှာ ဇရပ်လို့ ဘယ်လောက်ပဲ့ သမုတ်သမုတ် ခေါ်ချင်သလိုခေါ်။ မာတာက ဇရပ်ဖြစ်ကဲ့လား၊ အိမ်လို့ ခေါ်လည်း အိမ်ဖြစ်ကဲ့လား။ သစ်စုဝါးပုံ ခေါ် သစ်စုဝါးပုံ ဖြစ်ကဲ့လား။ မာတာက ပြောင်းရဲ့လား။ အဲဒီလို ကွက်ကွက် ကွင်းကွင်း ရှင်းရှင်း လင်းလင်း နဲ့ အပ်ကျ မပ်ကျ သိဖို့ လိုတယ်။ အဲလို လေ့လာဖို့ မကောင်းလား။

မာတယ်လို့ သိတာ သူငါလား ကာယဝိညာဏ်လား ။ သူက နာမ်တရား မရလား။ မာတာက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါး။ သစ်စုဝါးပုံလား၊ နာမ်နဲ့ ရုပ်လား ။ ဇရပ်လား၊ နာမ်နဲ့ ရုပ်လား။။

အိမ်လား၊ နာမ်နဲ့ ရုပ်လား။ နာမ်ရုပ်တရား နှစ်ပါးပေါ်မှာ ဌာနူပစာရအားဖြင့် တင်စားပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူအစားစား၊ နတ်အစားစား၊ ပြဟ္မာအစားစား၊ တိရစ္ဆာန် အစားစား၊ ပြိတ္တာ အသူရကာယ် အစားစား၊ ငရဲ အစားစားလို့ မသမုတ်ဘူးလား။ အဲဒါ သမုတ်ရှိ အခေါ်ရှိ။ မသမုတ်လည်းရှိ သမုတ်လည်းရှိ က နာမ်နဲ့ရုပ်လို့ မပြောဘူးလား ။ အဲလိုစဉ်းစား အမှန်သိတော့ အမှား ပျောက်တယ် ဆိုတာ ကြားဖူးကြရဲ့လား။ အမှန်သိရင် အမှား ပျောက်တယ် နော်။

<u>အာရုံ နှစ်ခု ပြိုင်လို့ မရ။</u>

ကဲ တစ်ခါပြန်ပြီးတော့ စဉ်းစားကြဦးစို့။ ဆံဖျားက ခြေဖျား အရောက်။ ဘုရား ပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်နဲ့တပ်ကြည့် လူကိုမြင်တာလား အဆင်းကိုမြင်တာလား။ အမျိုးသမီးကို မြင်တာလား အဆင်းကိုမြင်တာလား။ အမျိုးသားကို မြင်တာလား အဆင်းကိုမြင်တာလား ။ အဝိဇ္ဇာမျက်လုံး တပ်ကြည့်တော့ကာ လူကွဲ့။အမျိုးသမီး အမျိုးသားတွေ။ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ကာ လူလား အဆင်းဓာတ်။ အမျိုးသမီး အမျိုးသားလား အဆင်းဓာတ်။ပြော ကဲ မခြားနားဘူးလား။ စဉ်းစား ကွဲ့နော်။ အဝိဇ္ဇာမျက်လုံး တပ်ကြည့်တော့ကာ သုံးဆယ့်တစ်ဘုံပေါ့။ လူနတ်ပြဟ္မာ သတ္တဝါလို့ မပြောဘူးလား။

အကာလ ညအခါ လသာပြီးတော့ နေတဲ့အခါ ကောင်းကင် တည့်တည့်လေး မော့ကြည့်လိုက်။ လကို မမြင်ရဘူးလား ။ အဲဒီ လကို မြင်တဲ့အချိန် လအောက်မှာရှိတဲ့ ရေမြေတောတောင်မြို့ရွာ တိုင်းပြည်တွေ မရှိဘူးလား မြင်ရသလား။ လကိုကြည့်တဲ့အခါ မြင်ရသလား။မမြင်ရဘူးနော်။ အာရုံ နှစ်ခု ပြိုင်လို့ရရဲ့လား။ လကိုကြည့်တဲ့အခါ လပဲမြင်တယ်။ သုံးဆယ်တစ်ဘုံ ကဲ ရှိသေးရဲ့လား ။ အဲလို စိစစ်ဖို့မကောင်းလား။ မျက်လွှာချပြီးတော့ ကြည့်တဲ့အခါကျတော့ လကို မြင်ရသလား သုံးဆယ့် တစ်ဘုံ မြင်ရသလား။ ရေ၊ မြေ၊ တော တောင်၊ သမုဒ္ဒရာ၊ ပင်လယ်အကုန်မြင်ရတာ။ အာရုံနှစ်ခု ပြိုင်လို့ရရဲ့လား ။

ကဲ ခန္ဓာဘက်ကို ညာဏ်လှည့်တဲ့အခါ လူကား တွေ့သေးရဲ့လား။ အမျိုးသမီး အမျိုးသားကား တွေ့သေးရဲ့လား ။ ဝိဇ္ဇာမျက်မှန် တပ်ကြည့်တော့ကာ အဆင်းကွဲ့နော်။ အဲလိုစိစစ်ဖို့ မကောင်း လား။ မြင်တာကို သညာဖုံးတယ်။ သညာကို သက္ကာယရှင်းမှ သက္ကာ ကင်းမယ်။ မြင်တာက အဆင်း ဓာတ်ကို မြင်တာ။ သညာက မင်းသမီး။ သညာက မင်းသား။ မြင်တာက အဆင်း ဓာတ်ကို မြင်တာ။ သညာက မိန်းမ။သညာက ယောကျ်ား။ စိစစ်ဖို့ မကောင်းလား။ ဝိပလ္လာသလေ။ ဘယ် အပေါ်မှာ အမှတ်မှားတာလဲ။ အဆင်း ရူပက္ခန္ဓာ။ မင်းသမီး မင်းသားလို့ အမှတ်မှားတာ သညာဝိပလ္လာသ။

အမျိုးသမီး အမျိုးသား အမှတ်များတာ သညာ ဝိပလ္လာသ။အမှတ်များတော့ အမျိုးသမီး အမျိုးသား အနေနဲ့ အသိ မများလား။ စိတ္တဝိပလ္လာသ။ အသိများတော့ အမျိုးသမီး အမျိုးသားလို့ အယူအဆ မများလား။ ဒိဋ္ဌိဝိပလ္လာသ။ ကဲ တွေ့တဲ့တရားက အမျိုးသမီး အမျိုးသားလား။ နာမ်နဲ့ရုပ်လား။လူ၊ နတ်၊ ပြဟ္မာလား နာမ်နဲ့ရုပ်လား ။နာမ်ရုပ်ပဲတွေ့တယ်နော်။ အဲဒီနာမ်ရုပ်အပေါ်တင်စားပြီးတော့မှ လူအစားစား၊ နတ်အစားစား၊ ပြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား၊ ပြိတ္တာ အသုရကာယ်အစားစား မခေါ်ရပေဘူးလား ။အဲဒါ သမုတ်ရှိ အခေါ်ရှိ။ မသမုတ်လည်းရှိ သမုတ်လည်း ရှိက နာမ်နဲ့ရုပ်လို့ မပေါဘူးလား။ ဉာတပရိညာ ပိုင်းခြားလို့သိပါ။ အဲလို လေ့လာဖို့ မကောင်းလား။

<u>ကိုယ်သိတာ မှန် မမှန် စစ်ဆေးရန်။</u>

ဒါကြောင့် တရား အားထုတ်တယ် ဆိုတဲ့အခါ အချို့ပုဂ္ဂိုလ်က ငါအားထုတ်တယ် လက်တွေခြေတွေ မတွေ့လို့ပြောတယ်။ ငါ့မှာမပျောက် ကိုယ်ကောင်ကြီးက မပျောက်ဘူးတဲ့။ အဲဒီမျက်စိနဲ့ ကြည့် ဘယ်တော့မှ မပျောက်ဘူးကွဲ့။ ကြားလား။ ဉာဏ် မျက်လုံး တပ်ကြည့်မှ ပျောက်တာကွဲ့။ စဉ်းစားဖို့ မကောင်းလား။ ဉာဏ်မြင် မပေါဘူးလား ဟေ့။ အဲလို စိစစ်ဖို့ လိုတယ်နော်။ ကဲ မြင်တဲ့အခါမှာ သူ့ကိုမြင်ရတာ ရေစက်နီးတယ် မလာဘူးလား။ အဲ သူ့ကိုမြင်ရတာ ရေစက်နီးတယ်ဆိုတာ အဆင်း ရူပက္ခန္ဓာမှာ ဖြစ်တာလား ပုဂ္ဂိုလ်သတ္တဝါမှာ ဖြစ်တာလား ။ ပုဂ္ဂိုလ်သတ္တဝါမှာ ဖြစ်တာနော်။ အဆင်း ရူပက္ခန္ဓာက ရေမြုပ်ကြီး ကဲ့သို့ မြတ်စွာဘုရား မပေါဘူးလား။ ချောင်းထဲမှာ ရေမြုပ်ကြီးတွေ ရှိတယ်။ ချစ်စရာများ တွေ့သေးရဲ့လား ။ မုန်းစရာကား တွေ့သေးရဲ့လား ။ အနှစ်သာရကား ရှိရဲ့လား ။ ဘုရား ပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်။ ဘယ်လောက်ပဲ့ ကြီးကြီး လက်ညှိုး နှင့်လက်မပဲ ထိသွားမယ် ခုခံရဲ့လား။ အဲဒါ အနှစ်သာရ ရှိမရှိ။ မရှိရင် ရာဂဒေါသ မောဟ ဖြစ်ခွင့် ရပါမလား။ အဲလို စိစစ်ဖို့ မကောင်းလား။ စဉ်းစား။

အဲတော့ကာ သူ့ကို မြင်ရတာ ရေစက်နီးတယ်ဆိုတာ အဆင်း ရူပက္ခန္ဓာမှာ ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့ ဖြစ်တာ။ ဒါ နှလုံးသွင်း မှန်တာလား။ မှားတာလား။ အေး သူ့ကို မြင်ရတာ မြင်ပြင်းကတ်တယ် မလာ ဘူးလား။ ကဲ အဲဒါတွေ နှလုံးသွင်း မှားတာနော်။ အဆင်းထဲမှာ မြင်ပြင်းကတ်စရာပါရဲ့လား ။ ရေစက်နီးတာကား ပါရဲ့လား။ အဲ ကိုယ်တရား လုပ်တဲ့အချိန်မှာ မျက်စိ၊ နား၊ နှာ၊ လျှာရှိတယ်။ ရှိတော့ ကိုယ်တွေ့တဲ့ ရုပ်တစ်လုံး နာမ်တစ်လုံး သုညတ ဆိုက်အောင် တကယ်မြင်ရင် မြင်ရင် သတိ ကြားရင်သတိ နံရင်သတိ စားရင်သတိ ထိရင်သတိ ကြံရင်သတိလို့မပေါဘူးလား ။ သတိ တစ်လုံး ရှေ့က ထားရင် ရာဂ၊ ဒေါသ၊ မောဟဖြစ်ပါ့မလား ။ဒါ ကိုယ်သိတာ မှန်ပြီနော်။ ရာဂ၊ ဒေါသ၊ မောဟဖြစ်သေးရင် ကိုယ်သိတာ မှန်ပါမလား။ အဲလို စစ်ဆေးဖို့မကောင်းလား။

ဒါမို့ ရှေးပညာရှိတွေက ဥပမာ ပေးထားတာ။ ဖိုထိုးသမား ကဲ့သို့။ သံသေ ပြဒါးသေ ထိုးတဲ့ …။ သံသေ တစ်ပြည်လုံး ကျွေးနိုင်တယ်။ စိစစ်ဖို့ မကောင်းလားဟေ့ ။ ပြဒါးသေတော့ တစ်ဆွေလုံးပေ့ါ။ အဲ သံသေတော့ တစ်ပြည်လုံးနော်။ အဲဒီ သံလိုက်နဲ့ တို့ကြည့်။ သံသေလား မသေလား။ သံလိုက်နဲ့ တို့ကြည့်တဲ့ အခါ သံလိုက် လိုက်သေးရင် သေပဲ့ါမလား။ ရိုးရိုးပေ့ါ အိမ် ဆောက်တဲ့သံနဲ့ မထူးဘူး ပေ့ါ။ သံလိုက်တို့လို့ မလိုက်ဘူးဆိုရင် ဣန္ဒြာသယ လိုတာရပြီ ကြားလား။ အဲလိုသံသေတာ မသေ တာ သံလိုက်နဲ့ တို့ကြည့် ။ မသိနိုင်ဘူးလား။ အခုလည်းရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို ကိုယ် မြင်တဲ့ အနိစ္စ ဒုက္ခ အနတ္တဟုတ် မဟုတ် ရုပ်စစ်နာမ်စစ် ဟုတ် မဟုတ်ကို … ရူပါရုံနဲ့ တို့ကြည့်၊ သဒ္ဒါရုံနဲ့ တို့ကြည့်၊ ဂန္ဓာရုံနဲ့တို့ကြည့်၊ ရသာရုံနဲ့တို့ကြည့်၊ ဖောဋ္ဌဗ္ဗာရုံနဲ့ တို့ကြည့်၊ ဓမ္မာရုံနဲ့တို့ကြည့်။ တို့လို့ သူ့ကို မြင်တာ ရေစက်နီးတယ် မြင်ပြင်းကတ်တယ်ဆိုရင် ဒါ ကိုယ်မြင်တဲ့ ရုပ်နာမ်မှန်ရဲ့လားဟဲ့။ မမှန်ဘူး။ ဒီလိုဆိုရင်တော့ကာ ငါမြင်တာမဟုတ်သေးဘူးလို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ဖို့ မကောင်း ဘူးလား။ သူများကို မေးစရာ လိုသေးရဲ့လား ။ ဆက်ပြီးတော့ ကြိုးစားအားထုတ်ဖို့ မကောင်းလား ။ အဲလို စိစစ်ဖို့ လိုတယ်ကွဲ့နော်။ စဉ်းစား။

ကဲ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ပုတ်ကြည့်။ ပုတ်ကြည့်တော့ကာ လူတွေ့သလား အသံလား ။ အမျိုးသမီးလား အသံလား ။ အမျိုးသားလား အသံလား ။ အသံလို့ကြားသိတာ သောတဝိညာဏ် နာမ်တရား။ အသံက ရုပ်တရား။နာမ်ရုပ် နှစ်ပါးပေ့ါ။

ကဲ တစ်ခါ ပြန်ပြီးတော့ မှ လူလို့ ထင်လို့ နမ်းကြည့် လူတွေ့မလား အနံ့တွေ့မလား ။ အနံ့ကိုသာ လူဆိုရင် အနံ့ဟူသမျှ လူလို့ ခေါ်ရမှာ။ဒီလိုကား ဖြစ်ပါမလား။ မဖြစ်ဘူးကွဲ့ အနံ့ဟာ အနံ့ပဲ။ နံ့သိတာ ဃာန ဝိညာဏ်က နာမ်တရား။ အနံ့က ရုပ်တရား။နာမ်ရုပ်နှစ်ပါးပေ့ါ။

လူထင်လို့ လျှာလေးနဲ့ လျက်ကြည့်။ ငန်ပျပျ မတွေ့ဘူးလား။ကဲ ရသာဓာတ်ပဲ တွေ့တယ်နော်။ လူတွေ့သလား။ တွေ့တာက ရသာဓာတ်။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ လျက်သိစိတ်က ဇိဝှါဝိညာဏ်က နာမ်တရား။ ရသာဓာတ်က ရုပ်တရား။ နာမ်ရုပ် နှစ်ပါး ပေ့ါ။

ဆံဖျားက ခြေဖျား ခြေဖျားက ဆံဖျား။အနလုံ ပဋိလုံ။ကဲ အပြန်အလှန် သေချာကိုင်စမ်းကြည့်။ ကိုင်စမ်းကြည့်တဲ့အခါ ပူနွေးနွေး မတွေ့လား။ လူလားတေဇောဓာတ်လား။ တစ်နည်းအားဖြင့် အေးတာ မတွေ့လား။ လူလား တေဇောဓာတ်လား။ လူသေ ကိုင်စမ်းကြည့်တော့ မအေးလား ။ လူရှင်ကိုင် စမ်းတော့ မနွေးလား။ နွေးတာ ဥဏှတေဇော အေးတာ သီတတေဇော။ အဲလို လေ့လာဖို့ မကောင်းလား။ အဲကြောင့် သူ့ကို ပူတယ်လို့ပြောရတယ်။ မပြောမဖြစ်လို့ပြောရတယ်။ အေးတယ်လို့ ပြောရတယ်။ ကဲ ပူတာလည်း ပညတ် အေးတာလည်း ပညတ်။ ဘာပညတ်လဲ

သဘာဝ ပညတ်။ မီးပူတာက သမ္မုတိပညတ်။ နေပူတာက သမ္မုတိပညတ်။ စဉ်းစားဖို့ မကောင်းလား။ အဲ ပူတဲ့သဘော အေးတဲ့သဘောက သဘာဝပညတ်။ အဲဒါ ပညတ် ပျောက်ဖို့ လိုတာ။ စဉ်းစားဖို့ မကောင်းလား။

<u>ပညတ်ပျောက်အောင် စိစစ်ပုံ။</u>

ကဲ ဥပမာလေး ပြောမယ်။ အဲဒီဟာ ပညတ် ပျောက်အောင် ပြန်ပြီးတော့ စိစစ်ဖို့လိုတယ်။ ရေနွေး တစ်ခါတည်း မိမိက လက်ဖက်ရည် သောက်ဖို့ ပြုဖို့တွေ ရေနွေး မတည်ရဘူးလား ။ ပွက်ပွက် ဆူပြီနော်။ နိုက်ကြည့်။ နိုက်ကြည့်တဲ့အခါ ဘယ်လိုနေမလဲ။ ဘာတွေ ပူတာလဲ။ ဟင် ဘာတွေ ပူသလဲ။ ရေ ပူတာလား။ ပြောလေ။ ဟင်။ ရေပူတယ်လို့မပြောဘူးလား။ တစ်ခါ မိမိကနေပြီးတော့မှ ရေခဲ သေတ္တာထဲ ထည့်ထား။ ပူမလား အေးမလား။ အေးတာ။ ရေအေးတယ်လို့ မပြောဘူးလား။ အများသုံး။ ရေတွေ ပွက်ပွက်ဆူ ။ ပူတယ်ကွာ။ ပူတာကွာ မပြောဘူးလား။ ရေပူတယ်။ ဟာ အေးတယ် ရေ။ အေးတယ်။ မပြောဘူးလား ။ ရေဆိုတဲ့ သဘောက ပူတဲ့ သဘော မဟုတ်ဘူး။ အေးတဲ့ သဘော မဟုတ်ဘူး။ ရေဟာ မပူဘူး မအေးဘူး။ စဉ်းစားဖို့ မကောင်းလား။ ရေဟာ တကယ်သာ ပူမယ်ဆိုရင် မီးထည့်စရာ မလိုဘူးကွဲ့။ သူဟာနဲ့ သူ ပူနေရမှာ။ အေးတယ် ဆိုရင် လည်းပဲ ရေခဲ သေတ္တာထဲ ထည့်စရာ မလိုဘူးကွဲ့။ အေးရမှာ။ စဉ်းစားဖို့ မကောင်းလား ။ အေးတာ သီတတေဇော ပူတာ ဥဏှတေဇော။ အဲလို စိစစ်တဲ့ အခါ ရေဟာ သူ့သဘောသာ သူဆောင်တယ်။ ပူတာ အေးတာ လွတ်မနေဘူးလား ။ တေဇောဓာတ်ကြောင့် အေးတာ။ တေဇောဓာတ်ကြောင့် ပူတာ။ သီတ တေဇောက အေးတာ။ ဥဏှ တေဇောက ပူတာ။ အဲလို လေ့လာဖို့ မကောင်းလား။ လူလား တေဇောဓာတ်လား။ ဆံဖျားက ခြေဖျား ရောက်အောင် ကိုင်စမ်းကြည့် ပူတာနဲ့ အေးတာ တွေ့မယ် ကြားလား။ အဲလို စိစစ်ဖို့ မကောင်းလား ။ အဲဒီ ပူတာ အေးတာက ရုပ်တရား မရဘူးလား ။ အဲဒါ သမ္မုတိသစ္စာ အနေနဲ့။ သဘာဝသစ္စာ အနေနဲ့ ပြောရတယ် ကြားလား။ စဉ်းစားဖို့ မကောင်းလား။ ထိထိမိမိ သဘော ပေါက်ဖို့ လိုတယ်နော်။

စိစစ်တော့ အဲဒါ ပူတာကလည်းပဲ ဖောက်ပြန်ပြီးတော့ မပျက်လား။ အေးတာက လည်း ဖောက်ပြန်ပြီးတော့ မပျက်လား ။ ကဲ ဖောက်ပြန်တဲ့ သဘောနဲ့ သိတဲ့ သဘောကလွဲလို့ ဘာများ ရှိသေးသလဲ။ အဲ အဲဒီနေရာရောက်အောင်ကြိုးစား။ မပြောမဖြစ်လို့ ပူတယ်လို့ ပြောရတယ်နော်။ သြော် ဥဏှတေဇော သီတတေဇော။ မပြောရပေဘူးလား ။ မီးပူတယ် နေပူတယ်ဆိုတာ သမ္မုတိ ပညတ်ကွဲ့ ကြားလား။ သြော် တေဇောဓာတ်။ ပူတဲ့သဘော အေးတဲ့သဘောပေါ့။ စိစစ်ဖို့ မကောင်း လား ။ အဲဒီ နေရာ ရောက်အောင် ကြိုးစားဖို့ ကောင်းတယ်နော်။

ကဲ ပူတယ် အေးတယ်သိတာ သူငါလား ကာယဝိညာဏ်လား။ သူက နာမ်တရား မရလား ။ ပူတာ အေးတာက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ ဆံဖျားက ခြေဖျား။ ခြေဖျားက ဆံဖျား အဲဒီလို ကိုင်စမ်းကြည့်။ အနလုံ ပဋိလုံ ကိုင်စမ်းကြည့်။ ပူတဲ့ သဘောနဲ့ အေးတဲ့ သဘော တွေ့တယ် ကြားလား။ ကိုယ်ထင်တဲ့ လူကား တွေ့သေးရဲ့လား ။ လူမတွေ့ နတ်ကား တွေ့ရဲ့လား။ပြဟ္မာကား တွေ့ရဲ့လား ။ သုံးဆယ့်တစ်ဘုံကား တွေ့ရဲ့လား ။ ဘာဖြစ်လို့ မတွေ့တာလဲ ။ ဆရာတော် သမားတော်တွေ ရုပ်နာမ် သုညတလို့ မဟောဘူးလား။ ရုပ်ထဲမှာ ရှာချင်တာရှာ သုံးဆယ့်တစ်ဘုံ တွေ့ရဲ့လား ။နာမ်ထဲမှာ ရှာချင်တာရှာ သုံးဆယ့်တစ်ဘုံ တွေ့ရဲ့လား ။ရုပ်နာမ် သုညတကွဲ့။ကဲ အဲဒီလို မြင်တဲ့အခါ ရာဂ ဒေါသ မောဟ ဖြစ်ခွင့်ရပါ့မလား ။တဒင် နိရောဓ။ တဒင် တဒင်။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါ အဲဒီ ရုပ်နဲ့နာမ်ကိုသိတာ သူငါက သိတာ လား မဂ္ဂသစ္စာလား ။ ဘယ်မင်္ဂက သိတာလဲ။ သမာဓိ။ ဒီလူက သမာဓိရပြီလို့ မပြောရဘူးလား။ စဉ်းစား။

<u>သမာဓိကောင်းတဲ့ ပုဂ္ဂိုလ်</u>

အဲဒီ သမာဓိကောင်းတဲ့ ပုဂ္ဂိုလ် အပုပ်ရည်သွင်းတဲ့ စကားမျိုး စိတ်ဆိုးလောက်အောင် ကိလေသာ အရည်ပျော်လောက်အောင် ပြောကြည့်။ သမာဓိ ကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဒေါသ ဖြစ်ဦးမလား။ လောဘကား ဖြစ်ဦးမလား။ မောဟကား ဖြစ်ဦးမလား ။ အဲဒါ သမာဓိရဲ့ သတ္တိကွဲ့နော်။ အဲလို စိစစ်ဖို့ မကောင်းလား ။ အဲဒါ။ အဲဒီ နေရာ ရောက်ဖို့ လိုတယ်။ ဒါ လက်တွေ့ ကိုယ်လုပ်တဲ့ တရား တွေ ဟာ ဒီကိုများ ရောက်သလား လို့ ပြန်စိစစ်ဦး။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒီနေရာ ရောက်ဖို့ လိုတယ် နော်။

သမာဓိ ကောင်းတော့ ဆက်ပြီး ကြည့်တော့ကာ ရုပ္ပတီတိ ရုပ်။ ဖောက်ပြန်ပြီးတော့ မပျက်လား ။ သိပြီးတော့ မပျက်လား ။ ဖြစ်ပျက်လို့ မဟောလား ။ ဘာသစ္စာလဲ ။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား ။ ဆင်းရဲတာ အမှန်နော်။ ကဲ  ဆင်းရဲတယ်လို့ သိဖို့မလိုလား ။ အဲဒါမှ သစ္စာ ထိုက်တာကွဲ့ ကြားလား။ ဒါကြောင့် နဒီသောတော ဝိယ။ မြစ်ရေများစီးသလို လို့ ဥပမာပေးလို့ မဟောဘူးလား ။ မြစ်ရေများ ရပ်နေတယ်လို့ ရှိသေးရဲ့လား ။ အခုလည်း ဖြစ်ပျက် ဖြစ်ပျက်ဆိုတာ တစ်ဖြုတ်ဖြုတ် တသုတ်သုတ် ဆက်ဆက်နေတာနော်။ ကဲ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရား လား ။ အဲ အဲဒီလို ဆင်းရဲကို သိဖို့ လိုတာ။ အဲဒါ ဆင်းရဲတာ အမှန် သိတာ ယထာဘူတဉာဏ်။ ကဲ မှန်ပြီနော်။

ဒုတိယ ဆက်ပြီးတော့ ကြိုးစား ဖြစ်ပျက်ပဲ တွေ့မှာပေါ့။ ဖြစ်ပျက်မတွေ့ဘူးလား။ ဘာသစ္စာလဲ ။ ဒုတိယ ကျတော့ အသိဉာဏ်က ရင့်ပြီးတော့လာတော့ ခန္ဓာက လွတ်ချင်တဲ့စိတ်။ ကျွတ်ချင်တဲ့

စိတ်တွေ မပေါ်လား ။ နိဗ္ဗိန္ဒ ဉာဏ်လို့ မဟောဘူးလား။ အဲဒီ လူက အခါတိုင်းနဲ့တူရဲ့လား ။ အပြောအဆို အနေအထိုင်တွေ မူပြောင်း မသွားဘူးလား။ သိမ်မွေ့သွားတော့တာနော်။ ကဲ အဲဒီလို ရှေးပညာရှိတွေ ပြန်စဉ်းစားကြ။ ပညာ ရှိ မရှိ။ အသိဉာဏ် ရှိ မရှိ။ စပါးပင် စပါးနှံ ဥပမာ ပေးကြတယ်။ စပါးနှံဟာ အဆံမရှိတဲ့ စပါးနှံဟာ အပေါ်ထောင်တက်တယ်။ စိစစ်ဖို့ မကောင်းလား ။ အဆံပြည့်တဲ့ဟာက အောက်ကို ငိုက်တယ်လို့မပြောဘူး။ စကားကို နေရာမြင်တိုင်း မပြောဘူး။ အရေးပါ အရာရောက်မှ ပြောတာ။ စဉ်းစားဖို့ မကောင်းလား။ အဲလို စိစစ်ပြီး အနေအထိုင်တွေ သိမ်မွေ့ မသွားဘူးလား ။ လောက သုံးပါးကို ပျင်းမုန်း ငြီးငွေ့တာ နိဗ္ဗိန္ဒ ဉာဏ် ကြားလား။

ဆက်ပြီးတော့ကြိုးစား ဖြစ်ပျက်ပဲ မတွေ့လား ။ ဘာသစ္စာလဲ ။ဟော...ခြေအစ ခေါင်းအဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား ။ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့တာ ရှိလို့လား မရှိလို့လား ။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား ။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလမဂ္ဂင်သုံးပါး ဝင်တာနော်။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါးမပြည့်လား။ အဲဒီသီလကို သမုစ္ဆေဒ သီလ။ ဒုက္ခသစ္စာ ပိုင်းခြားမှ ဝင်တဲ့သီလဗျား။ ဒါကြောင့်မို့လို့ စာလိုကတော့ မဂ္ဂါဘိညာ သက်ိမတာ။ မိုးကြိုးစက်ကဲ့သို့။ မိုးကြိုးများထိ မှန်တဲ့ သစ်ပင်များ ပြန် အသက်ရှင်တယ်လို့ ရှိသေးရဲ့လား ။ အတက်ပေါက်တယ်လို့ ရှိသေးရဲ့လား ။ အခုလည်း တစ်ကြိမ်ကျတာကွဲ့နော်။ အဲ... အဲဒီ သီလဟာ အနစ်သာရလို့ သိခြင်းကြောင့် အပုပ်ရည်သွင်းတဲ့ စကားမျိုးကိုပြော ပြန်ပြီးတော့ပြန်ပြောမယ်လို့ စိတ်ကူး ထည့်သေးရဲ့လား ။ အာလွန်လျှာလွန်ကား လုပ်သေးရဲ့လား ။ ခြေလွန် လက်လွန်ရော လုပ်သေးရဲ့လား ။ အဲဒီ လောက် အနစ်ပြည့်တာဗျ။

ကဲ ရှစ်ပါးပြည့်တဲ့အခါ ခန္ဓာတွေ့သေးရဲ့လား ။ ဖြစ်ပျက်က တွေ့သေးရဲ့လား ။ လောကုတ္တရာလို့ မဟောဘူးလား ။ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်။ ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား ။ အနုသယကိလေသာ ပယ်တယ်။ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်။ သောတာပန် သကဒါဂါမ် ဘယ်အနုသယလဲ။ ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ အနုသယကိလေသာ ပယ်တယ်နော်။ စဉ်းစားဖို့ မကောင်းလား။ ကာမ ရာဂ ဗျာပါဒဆိုတဲ့ အနုသယက အနာဂါမ်မှ ပယ်တာ။ ရူပရာဂ အရူပရာဂက ဘုရား ရဟန္တာမှ ပယ်တာ။ သူ့မဂ်နဲ့ သူ့ဖိုလ်ကြားလား။ အဲလို လေ့လာဖို့မကောင်းလား။

သောတာပန်လည်း ဖြစ်ပျက်။ သကဒါဂါမ်လည်း ဖြစ်ပျက်။ အနာဂါမ်လည်း ဖြစ်ပျက်။ ရဟန္တာလည်း ဖြစ်ပျက်။ ဖြစ်ပျက်ပဲ ကြည့်ရတယ်နော်။ အဲလိုပဲ လေ့လာဖို့မကောင်းလားဟေ့ ။အဲလို စိစစ်ဖို့ လိုတယ်ကွဲ့ ကြားလား။ ကဲ အဲဒီလို ဆိုတော့ကာ ထိထိမိမိ စိစစ်ဖို့ မကောင်းလား ။ကဲ အဲဒီတော့

29.5.2005,(2:00pm)17

ဒိဋ္ဌိ ဝိစိကိစ္ဆာ တရားနှစ်ပါး ပယ်လိုက်တယ်။ အောက်မင် အောက်ဖိုလ်နော်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ တရားနှစ်ပါး အနုသယ ကိလေသာ ပယ်လိုက်တော့ ပရိယုဋ္ဌာန မနောကံလာသေးရဲ့လား ။ မနောကံ မလာ ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား ။ မလာရင် အပါယ်တွေ သွားတဲ့ကံ မကုန်လား ။ ကုန်ရင် အပါယ်ခန္ဓာ ဇာတ်မသိမ်းလား ။ အဲဒီနေရာက ပဟာနပရိညာ။ ပယ်လိုက်တာဗျာ့။ သောတာပတ္တိမင် သောတာပတ္တိဖိုလ်။ အဲဒီဉာဏ်သုံးဉာဏ် ဉာတပရိညာ တီရဏပရိညာ ပဟာန ပရိညာ။ ဤဉာဏ် သုံးဉာဏ်ရတဲ့ပုဂ္ဂိုလ် အနမတဂ္ဂသံသရာကစ ပါဏာတိပါတကံနဲ့ အသက် မွေးခဲ့တာ အဒိန္နာကံနဲ့ အသက်မွေးခဲ့တာ ကာမေသုမိစ္ဆာစာရကံနဲ့ အသက်မွေးခဲ့တာ မုသာဝါဒ ကံနဲ့ အသက်မွေးခဲ့တာ သုရာမေရယ ကံနဲ့ အသက်မွေးခဲ့တာ အကုသိုလ်ကံဟောင်း ကြွေး ဟောင်း အနန္တ ကမ္ဘာပထဝီမြေကြီးနဲ့အမျှရှိတဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလား ။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။
ကဲ ထိဆဲခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား)။ သိတာက (မဂ္ဂသစ္စာပါဘုရား)။ သေတာက (သမုဒယသစ္စာပါဘုရား)။ နောက်ခန္ဓာ မလာတာက (နိရောဓသစ္စာ ပါဘုရား)။ ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက်ပါဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါး ပါဘုရား)။ ငါးလေးလီ (နှစ်ဆယ်)။ ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)။
သာဓု သာဓု သာဓု။

.................................................................................................................................

သြဝါဒ။ ... ။ ကံကို ယုံကြည်ရမယ်နော်။ ဉာဏ်ကို အားကိုးရမယ်။
ကိုပုဏ္ဏတို့၊ မယ်ဥတ္တရာတို့ ကြည့်စမ်း။ ကံကို ယုံတာ။ အဲသလောက် ဝတ်ပြားသော်လည်း တံငါမှုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်ရဲ့လား။ သြော် သူခိုးတကောက်ပြား လုပ်စားမယ်လို့ ဖောက်ပြန်ရဲ့လား ။ အဲဒီလို ယုံကြည်ဖို့ မကောင်းလား။ ယုံကြည်တော့ ကြွေးဟောင်း မကျေလား။ ကြွေးသစ် တင်သေးလား။ ကုသိုလ်တွေ ဖွားကနဲ ပေါ်တာ။ အဲဒါ ယုံကြည်ဖို့ လိုတယ်။ ဉာဏ်ကို အားကိုးရမယ်။

29.5.2005,(2:00pm)18